# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး
# (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ)
# အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၈
# ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
# (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) **အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ကုမ္ပဏီတစ်ခုနှင့်ဆက်နွယ်နေသည့် လက်အောက်ခံ ကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီကို ဆိုသည်။"

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ(ဈ)၊ နည်းဥပဒေခွဲငယ် (၁)၊ နည်းဥပဒေခွဲငယ်စိတ် (ဃဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃဃ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရရှိသော အစုရှယ်ယာ များမှတစ်ပါး အဆိုပါကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစု တိုင်း၏ထက်ဝက်ကျော်ကို အခြားကုမ္ပဏီမှ ရပိုင်ခွင့်ရှိခြင်း။"

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဆေးဝါးနည်းပညာ၊ ဇီဝနည်းပညာ၊ အခြားအလားတူနည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စွမ်းအင် ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်း၊ မြို့သစ်ဖော်ထုတ်ခြင်း၊ သဘာဝအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ခြင်းနှင့် မီဒီယာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းစသည့်လုပ်ငန်းများအနက် လုပ်ငန်းတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၂၀ အထက် ကျော်လွန်၍ ရင်းနှီးမြှုပ်နှံခြင်း၊"

၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁) ကို အောက်ပါအတိုင်းအစားထိုးရမည်-

Myanmar Law Information System (MLIS)

"(၁) တည်ဆဲဥပဒေများနှင့်အညီ လျော်ကြေးပေး၍ သိမ်းယူခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းရှိ မြေသိမ်းယူခြင်း လုပ်ထုံးလုပ်နည်းများဖြင့် ရယူခြင်း သို့မဟုတ် လျော်ကြေးပေး၍ သိမ်းယူခြင်း သို့မဟုတ် နိုင်ငံတော်အတွင်းရှိ မြေသိမ်းယူခြင်း လုပ်ထုံးလုပ်နည်းများဖြင့် ရယူရန် ကြိုတင် သဘောတူညီချက်ဖြင့်ပြုလုပ်ခြင်းနှင့် ထိုကဲ့သို့ သိမ်းယူခြင်းကြောင့် ယင်းမြေ၌ အမြဲတမ်း နေထိုင်သူ ဦးရေ အနည်းဆုံး ၁၀၀ယောက် သို့မဟုတ် မြေ ၁၀၀ ဧကအထက်အား ပြန်လည်နေရာ ချထားပေးရန် လိုအပ်ခြင်း၊"

၆။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းထံမှ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအသုံးပြုခွင့်အား ယခင်ကပင် ရရှိထားသော ပုဂ္ဂိုလ်နှင့်"

၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၃။ နည်းဥပဒေ ၁၂ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာတွင်မပါရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအား ဥပဒေအရ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ် မသတ်မှတ်ရ။ သို့ရာတွင် အခြားဥပဒေများအရ တားမြစ်သည့်လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။"

၈။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၈။ နည်းဥပဒေ ၁၇ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာအား ပြင်ဆင်ရန်ထည့်သွင်း စဉ်းစား ရာတွင် ကော်မရှင်မှ ဆွေးနွေးနိုင်ခွင့်၊ အကြံဉာဏ်တောင်းခံနိုင်ခွင့်အား ဥပဒေပုဒ်မ ၄၅ နှင့်အညီ ဆောင်ရွက်ရမည်။"

၉။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၉။ နည်းဥပဒေ ၁၇ တွင် ရည်ညွှန်းထားသည့် အမိန့်ကြော်ငြာစာတွင် မပါရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအား ဥပဒေအရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် မသတ်မှတ်ရ။"

၁၀။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၂။ ဥပဒေပုဒ်မ ၄၂(ဂ)အရ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့်လုပ်ငန်းများတွင် မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံသူသည် အနည်းဆုံး တိုက်ရိုက်အစုရှယ်ယာ သို့မဟုတ် အကျိုးစီးပွားအချိုးကို ၂၀ ရာခိုင်နှုန်း ထည့်ဝင်ရမည်။"

၁၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၂၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၄။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၂၃ အရ ပေးပို့ရမည့် အကြောင်းကြားစာအား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစတင်အကောင်အထည်ဖော်သည့်နေ့မှစ၍ သုံးလအတွင်း ကော်မရှင်ရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီရုံးသို့ ပေးပို့ရမည်။"

၁၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၅၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅၅။ ကော်မရှင်သည် အဆိုပြုချက် သို့မဟုတ် အဆိုပြုချက်နှင့် သက်ဆိုင်သည့် အခြားအခြေအနေ များသည် ရှုပ်ထွေးသော သို့မဟုတ် အသစ်အဆန်းဖြစ်သော အခြေအနေမျိုးတွင် အချိန်သတ်မှတ်ချက် တိုးမြှင့်ခြင်းဖြင့်

Myanmar Law Information System (MLIS)

နိုင်ငံတော်အတွက် အကျိုးစီးပွားရှိစေနိုင်သည်ဟု ယူဆပါက နည်းဥပဒေ ၄၉ အရ အဆိုပြုချက် စိစစ်သည့် အချိန်ကာလအား ထပ်မံတိုးမြှင့်နိုင်သည်။ အချိန်သတ်မှတ်ချက်အား ဤနည်းဥပဒေအရ တစ်ကြိမ်ထက်ပို၍ သက်တမ်းတိုးမြှင့်နိုင်ပြီး သက်တမ်းတိုးမြှင့်ကြောင်းကို ရင်းနှီး မြှုပ်နှံသူထံ အကြောင်းကြားရမည်။"

၁၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၀ ကို အောက်ပါအတိုင်းအစားထိုး ရမည်-

"၁၅၀။ ကော်မရှင် အတွင်းရေးမှူး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦးသည် အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရမည်။ ယင်းအဖွဲ့ခေါင်းဆောင်သည် အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များကို ညွှန်ကြားနိုင်သည်။"

၁၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၉၇။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဥပဒေပုဒ်မ ၅၁ နှင့်အညီ အလုပ်သမားခန့်ထားမှုအပါအဝင် လုပ်ငန်းအစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ်ကော်မရှင်က သတ်မှတ်တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။"

၁၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၁၂။ ခွင့်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူ သည် လုပ်ငန်းသဘာဝအပေါ်မူတည်၍ အောက်ပါအာမခံအမျိုးအစားများအနက် သက်ဆိုင်သည့် အာမခံ အမျိုးအစားကို နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် အာမခံလုပ်ငန်း တစ်ခုခုတွင် အာမခံထားရှိရမည်-

(က) ပစ္စည်းနှင့်စီးပွားရေးလုပ်ငန်းရပ်ဆိုင်းမှု အာမခံ၊

(ခ) အင်ဂျင်နီယာလုပ်ငန်း အာမခံ၊

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ တာဝန်ရှိမှု အာမခံ၊

(ဃ) ကိုယ်အင်္ဂါထိခိုက်မှု အာမခံ၊

(င) ရေကြောင်းအာမခံ၊

(စ) အလုပ်သမားလျော်ကြေး အာမခံ၊

(ဆ) အသက်အာမခံ၊

(ဇ) မီးအာမခံ။"

(စိုးဝင်း)

ပြည်ထောင်စုဝန်ကြီး

Myanmar Law Information System (MLIS)